စိန်လေးကုန်းကျေးရွာ

ဒေးဒရဲမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

(၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စိန်လေးကုန်းကျေးရွာ၊ ဒေးဒရဲမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၅ခုနှစ်၊ ဇန်နဝါရီ လ

မာတိကာ ၂
စကားချီး ၆
စိန်လေးကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဒေးဒရဲမြို့နယ် ၈
စိန်လေးကုန်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ ဒေးဒရဲမြို့နယ် ၉
စိန်လေးကုန်းကျေးရွာ အဖွဲ့အစည်းပြပုံ၊ ဒေးဒရဲမြို့နယ် ၁၀
အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်
(၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၁
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၂
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၃
(က) လူဦးရေဆိုင်ရာ အချက်အလက်များ
(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှုများ
(ဃ) ကျန်းမာရေးနှင့် အသဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု
(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၅
(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေးရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့်ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ၊
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၂၁
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ၂၂
ကျသော ချိတ်ဆက်မှုများ
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ)အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၉
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် ၃၀
အစီအစဉ်များ
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအမံများ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၂
(က)ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ(၁) ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား ၃၅
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း ၃၈
နောက်ဆက်တွဲ(၃) စီမံကိန်းဇယားများ ၃၉
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား၅ ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ဆင်းရဲသော အိမ်ထောင်စုများ၏ဝမ်းစာဖူလုံမှုအခြေအနေ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေး အစီအမံများ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့် သူများ
ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့် ရေသွင်းစီရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့် အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား၂၃ စိုက်ပျိုး/မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှုံမှု
ဇယား၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား/မ ရေးရာ
ဇယား၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု
ဇယား၄၂ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ
ဇယား၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေများ
ဇယား၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ
ဇယား၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား၄၇ ဘေးကင်းလုံခြုံရေးစနစ်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု
ဇယား၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေကိုးကားစာရင်း ၈၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေး နှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ စိန်လေးကုန်းကျေးရွာ၏ ကျေးရွာ သူ/သား များ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင် ရှိပါသည်။ အရေးကြီး သော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေးဒဲရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့်စနစ်တကျ ပူးပေါင်းပါဝင် ဆောင် ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာ တွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲ ရာ တွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာ များမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုး မှုတို့ကို မြို့နယ်များ အဆင့်ဌာနဆိုင်ရာများမှရယူပြီးကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများနှင့် အတူတကွချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကို သာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများ သည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများ နှင့်လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဒေးဒဲရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုတက် ရေးဦးစီးဌာန၊ ဒေးဒဲရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များနှင့် ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။

အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများအ သေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ ၂၀၂၄ ခုနှစ်
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
စိန်လေးကုန်းကျေးရွာ
ဒေးဒဲမြို့နယ်

စိန်လေးကုန်းကျေးရွာတည်နေရာနှင့်သယံဇာတပြုမြေပုံ



စိန်လေးကုန်းကျေးရွာရာသီခွင်ပြပြကွဒိန်



စိန်လေးကုန်းကျေးရွာအဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ



အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်

(၁) နိဒါန်းကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံ လုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ယထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ဌာနဆိုင်ရာ များစွာသည်တို့ထံမှ လိုအပ်သောဘဏ်းဂဏန်း သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ် စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက် လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့်ဆောင်ရွက် မည့်နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေး လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ် သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များ ဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အဆုံးဆင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားဆုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်နှင့် တိုင်းအဆင့်၊ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များ အတွက် အဆုံးဆင်မှုများ အနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင် မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင် များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိ လာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့်ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှုပိုမို ကောင်းမွန် စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေးအစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲ ထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်း စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိ ကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနိုင်ပါသည်။ သို့ဖြစ်၍လက်တွေ့ အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံချက်များကို နှစ်အလိုက်ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွား မည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဒေးဒရဲမြို့နယ်သည် မြန်မာနိုင်ငံ၏အောက်ပိုင်းတွင် တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ဖျာပုံခရိုင်တွင် တည်ရှိပါသည်။ ဒေးဒရဲမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၈ မိနစ်နှင့် ၁၆ ဒီဂရီ ၀၅ မိနစ် ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၀ မိနစ်နှင့် ၉၆ ဒီဂရီ ၀၅ မိနစ်ကြား၊ အရှေ့မှအနောက်သို့ (၂၅)မိုင်နှင့် တောင်မှမြောက်သို့(၁၇)မိုင်ရှည်လျားပါသည်။ဒေးဒရဲမြို့၏ဧရိယာ အကျယ်အဝန်းမှာ(၁.၄၁၁) စတုရန်းမိုင် နှင့် ကျေးရွာအုပ်စုဧရိယာမှာ (၄၀၀.၃၀၃)စတုရန်းမိုင်ရှိပြီး ဒေးဒရဲမြို့နယ်၏ စုစုပေါင်းဧရိယာ အကျယ်အဝန်းမှာ (၄၀၁.၇၁၄)စတုရန်းမိုင် ကျယ်ဝန်းပါသည်။

ဒေးဆရဲမြို့နယ်သည် အရှေ့ဘက်နှင့်တောင်ဘက်တွင် မုတ္တမယင်လယ်ကွေ့နှင့် ထိစပ်လျက် ရှိပြီး အနောက်ဘက်တွင် ကျိုက်လတ်မြို့နှင့် ဖျာပုံမြို့၊ မြောက်ဘက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်း မြို့နယ်၊ကော့မှူးမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။

ဒေးဆရဲမြို့နယ်သည် ပြန့်ပြူးသောမြေမျက်နှာသွင်ပြင်နှင့် မြစ်ချောင်းများရှိပါသည်။ ဒေးဆရဲ မြို့နယ်သည် မြစ်ချောင်းများပေါများသော ဒေသတစ်ခုဖြစ်ပြီးမြစ်ချောင်းများသည် မြောက်မှ တောင်သို့ စီးဆင်းလျက်ရှိသည်။ထင်ရှားသောမြစ်ချောင်းများမှာတိုးမြစ်၊ဖျာပုံမြစ်၊ကျိုက်လတ်မြစ်၊ဘိုးဘုပ်မြစ်၊ဒုံရမ်းမြစ်၊ သံဒိမြစ်တို့ဖြစ်ပြီး သဘော်ဆက်လေ့များလည်း သွားလာနိုင်သော မြစ်များ ဖြစ်ပါသည်။ မြစ်အများစုမှာ ရေချိုများဖြစ်၍ စိုက်ပျိုးရေးသောက်သုံးရေများအဖြစ် အသုံးပြုနိုင်ပါသည်။

ဒေးဆရဲမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသ ဖြစ်ပါသည်။ ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရွာရက်(၁၈၅)ရက်ရှိပြီး ပျမ်းမျှမိုးရေချိန် (၉၅)လက်မဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာဇူလိုင်လ၊ဩဂုတ်လနှင့် စက်တင်ဘာလများဖြစ်ပါသည်။

စိန်လေးကုန်း ကျေးရွာသည် ပထဝီဝင်အနေအထားအရ ဒေးဆရဲမြို့နယ်၏ တောင်ဘက်တွင် တည် ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ လေးအိမ်တန်း ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ဒေးဆရဲမြို့နယ်နှင့် (၁၉)မိုင်ခန့် ကွာဝေးပါသည်။ အရှေ့ဘက်တွင် လေးအိမ်တန်းကျေးရွာအုပ်စု၊ ကွန်ဒိုင်းကျေးရွာ၊ အနောက်ဘက်တွင် လေးအိမ်တန်း အုပ်စု၊ ဇီးဖြူချောင်းကျေးရွာ၊ တောင်ဘက်တွင် သုံးဆါတ်အုပ်စု၊ တံတားချောင်းကျေးရွာ ရှိ၍ မြောက်ဘက်တွင်လေးအိမ်တန်းအုပ်စု၊ လေးအိမ်တန်းကျေးရွာ တို့နှင့် နယ်နိမိတ်ချင်း ထိစပ် နေသော ဒေသတစ်ခု ဖြစ်ပါသည်။ စိန်လေးကုန်း ကျေးရွာသည် လယ်ယာစိုက်ပျိုးရေး နှင့်မွေးမြူရေး လုပ်ငန်းကို အဓိကလုပ်ကိုင်သော ဒေသတစ်ခု လည်းဖြစ်ပါသည်။ အခြားလုပ်ငန်း များကို လည်း အနည်းငယ် လုပ်ကိုင်သောဒေသတစ်ခုဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

စိန်လေးကုန်းကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာသဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ သို့သော် လည်း ဆေးဖက်ဝင်အပင်များဖြစ်သည့် ဆေးမုန်းမြစ်များနှင့် ခွေးလျာသီးပင်နက်စသည်တို့ ပေါက်ရောက် သည့် ဒေသတစ်ခုလည်းဖြစ်ပါသည်။ လယ်မြေနှင့်ခြံမြေများ အဆင့်အတင့်ရှိကာ မြေဆီလွှာ အဆင့်အတင့် ကောင်းမွန် ပါသည်။ တောင်သူအားလုံးမှာ မိုးရေကို အဓိကအားထား၍ စပါးစိုက်ပျိုး ကြပါသည်။ ဥယျာဉ်ခြံမြေ များတွင် ချောင်းရေကို အသုံးပြု၍ ကွမ်းသီးပင်၊ အုန်းပင်၊ ငှက်ပျော၊ နှင့် အခြားသီးပင် စားပင်များကို စိုက်ပျိုးကြ ပါသည်။

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

စိန်လေးကုန်းကျေးရွာတွင်အိမ်ထောင်စု(၂၈၂)စုရှိပြီးလူဦးရေစုစုပေါင်း(၁၀၈၈)ဦးရှိပါသည်။ပျမ်းမျှ တစ်အိမ် ထောင်လျှင်(၄)ဦးနှုန်းခန့်ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင် လျှင်(၃)ဦးနှုန်းထက်လျော့နည်းနေပါသည်။ အသက်(၁၅နှစ်မှ၆၄နှစ်)အထိ အလုပ်လုပ် နိုင်သောလူဦးရေ မှာ(၅၂%)ရှိပြီး(၁၅)နှစ်အောက် လူဦးရေနှင့်အသက်(၆၄)နှစ်အထက် လူဦးရေ စုစုပေါင်း (၄၈%)ခန့်သည် မှီခိုသူ များဖြစ်ကြပါသည်။ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ အဆင့်အတင့်

ရှိမှုကြောင့် လူသား အရင်း အမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့ မှုပေးနိုင်ပါသည်။

(ခ)စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှု နည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၂၅%)မှာ မပြေလည်သောအိမ်ထောင်စုများ ဖြစ်ကြ ပါသည်။ စိန်လေးကုန်း ကျေးရွာတွင် လယ်(၁၀)ဧကမှ (၄၀) ဧကကြား ပိုင်ဆိုင်ကြသောအလယ်အလတ်ရှိသော အိမ်ထောင်စုမှာ ၃၆ အိမ်ထောင်စု ရှိကြောင်းတွေ့ရပါသည်။ မပြေလည်သောအိမ်ထောင်စုမှာ (၁၄)စုရှိပြီး လယ်(၃)ဧကမှ (၉)ဧကကြား ပိုင်ဆိုင်ကြကာ ပျဉ်ခင်းထရံကာ၊ သွပ်မိုးသည့် အိမ်အမျိုးအစားများဖြင့် နေထိုင်ကြ သည်။ တစ်နှစ်ဝင်ငွေမှာ မများပြားသော်လည်း အကြွေးတင်ရှိမှုမှာ အနည်းငယ်ရှိပါသည်။ အလွန် မပြေလည်သော အိမ်ထောင်စု(၁၉၉)စု ရှိပြီး လယ်ယာပိုင်ဆိုင်မှုနှင့် လယ်ယာသုံးကိရိယာများပိုင်ဆိုင် မှုမရှိပါ။အိမ်အခြေအနေ မှာခရိမိုးခရိကာဝါးကြမ်ခင်းအိမ်များဖြင့် နေထိုင်ကြပြီးကျပန်းလုပ်ကိုင် ကြသူများဖြစ်ကြသည်။

(ဂ)ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

စိန်လေးကုန်းကျေးရွာတွင် မပြေလည်သောအိမ်ထောင်စု(၁၄)စုရှိသည့်အနက် (၅၀)ရာခိုင် နှုန်းမှာ (၃-၆)လအထိ ဝမ်းစာဖူလုံမှုရှိ၍ ချေးငှားခြင်းမပြုဘဲထမင်းဝိုမှန်/နပ်မှန်အောင် စားသောက် နိုင်ပြီး (၅၀)ရာခိုင်နှုန်းမှာ (၆-၁၂)လ အထိ ဝမ်းစာဖူလုံမှုမရှိဘဲ လုပ်အားခများ ကြိုတင်ထုတ်ယူ၍ ထမင်း ပုံမှန်/နပ်မှန်အောင် စားသောက် နေထိုင်ကြပါသည်။ ၎င်းတို့သည် လုပ်အားခ ကြိုယူခြင်း၊ ငွေတိုးချေး စားသုံးများ ထံမှချေးယူခြင်း အပြင်အခြားဒေသ သို့သွားရောက် လုပ်ကိုင်သော မိသားစု ဝင်များထံမှ ပြန်ပို့ ငွေတို့ဖြင့်စားနပ်ရိက္ခာ ဖူလုံရေးဖြေရှင်းနေကြရပါသည်။ ငွေကြေး အရင်းအနှီး မဖူလုံသော ဆင်းရဲသော တောင်သူများအဖို့ ထိခိုက်မှုများရှိနိုင်ပါသည်။ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာလျှင် ကျေးရွာ တွင်နေထိုင်သောအိမ်ထောင်စု (၄၀%)ခန့်မှာ အဆက်အခဲ ကြုံတွေ့ ရနိုင်ပါသည်။

(ဃ)ကျန်းမာရေးနှင့်အာဟာရ

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်း မရှိသဖြင့် ကွန်ဒိုင်းကျေးရွာကျန်းမာရေးဆေးပေးခန်းသို့လည်းကောင်း၊ နေရောင်ကာတိုက်နယ်ဆေးရုံသို့ လည်းကောင်း သွားရောက် ကုသမှုခံယူလျက် ရှိပါသည်။အရေးကြီးလူနာများအနေဖြင့် ကျေးရွာနှင့်(၁၉) မိုင်ခန့်ကွာဝေးသော ဒေးဒဲမြို့နယ် ပြည်သူ့ဆေးရုံ သို့သွားရောက်ပြသကြရပါသည်။ ကျေးရွာတွင် သုံးရေ အတွက်ချောင်းရေနှင့် ကန်ရေ ကို အဓိကသုံးစွဲကြပြီး သောက်သုံးရေ အတွက်မိုးရေနှင့် ကန်ရေကို သုံးစွဲကြပါသည်။ သောက်သုံးရေ မိုးတွင်းအခါတွင် လုံလောက်မှု ရှိသော်လည်းတပို့တွဲလမှစ၍ လုံလောက် မှုမရှိတော့ပါ။ သွေးလွန် တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ဖြစ်ပွားမှု လျော့နည်းလာ ပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှု ရှိကြပါသည်။ကလေးငယ် အများစုလည်းကျန်းမာကြပါသည်။

(င)ပညာရေးနှင့်ကျွမ်းကျင်မှုများ

စိန်လေးကုန်းကျေးရွာတွင် အခြေခံပညာ အထက်တန်းကျောင်းခွဲ(၁)ကျောင်းရှိသဖြင့် ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အလွယ်တကူလေ့လာသင်ယူနိုင်ပါသည်။ ကျောင်းသုံး ပရိဘောဂ ပစ္စည်းများမှာ လုံလောက်မှုရှိသော်လည်းအာဟာရတိုက်ကျွေးမှုမှာ နည်းပါးပါသည်။ကျေးရွာသူ/သား များတွင် ဘွဲ့ရသူဦးရေ အသင့်အတင့်ရှိပါသည်။

ကျေးရွာရှိ လယ်မြေများတွင် မိုးစပါးနှင့်နွေစပါးနှစ်မျိုးလုံးစိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံ မြေများတွင် ကွမ်းသီးပင်၊အုန်းပင်၊ငှက်ပျောပင်၊နှင့် စားပင်သောက်ပင်သီးနှံ အနည်းငယ်ကို စိုက်ပျိုးကြပါသည်။ဝက်၊ကြက်၊ ဘဲ၊ဆိတ် မွေးမြူခြင်းစသည်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြ ပါသည်။ ကိုယ်ပိုင်လယ်ယာမြေမရှိသော အိမ်ထောင်စုများအနေဖြင့် လယ်ယာလုပ်ငန်းတွင် ကျပန်းလုပ်သား များ အဖြစ် ဝင်ရောက် လုပ်ကိုင်ကြပြီး ဈေးရောင်းလုပ်ကိုင်ကြသူများ လည်းရှိပါသည်။ စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင် နေကြသော ဝန်ထမ်းများလည်းရှိပါသည်။

(စ)ကျားမဆိုင်ရာဆက်နွယ်မှု

စိန်လေးကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသားဦးရေနှင့်အမျိုးသမီးဦးရေ တန်းတူနီးပါး ရှိပါသည်။ စပါးစိုက်ချိန်နှင့် စပါးသိမ်းချိန်တို့တွင် အမျိုးသားတစ်ဦးလျှင် (၁၀၀၀၀)ကျပ်မှ (၈၀၀၀) ကျပ်ရရှိပြီး အမျိုးသမီးတစ်ဦးလျှင် (၈၀၀၀)ကျပ်မှ (၇၀၀၀)ကျပ်ခန့်ရရှိကြပါသည်။ ကျေးရွာ၏ စာတက်မြောက် မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသား/အမျိုးသမီးလူဦးရေမှာမျှတပြီးအမျိုးသမီးဦးရေမှာ အနည်းငယ်များပြား ပါသည်။ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက် နေသော အဖွဲ့အစည်း များတွင်အမျိုးသမီးများ တက်ကြွစွာ ပါဝင်ကြပါသည်။ သို့သော်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက် ရေးအတွက်ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ ၏အခန်းကဏ္ဍမှာ အနည်းငယ်အားနည်းနေဆဲဖြစ်ပါသည်။

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန် စေရန် များစွာ အထောက် အကူပြုနိုင်ပါသည်။

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လူငယ်အဖွဲ့နှင့်ပရဟိတအဖွဲ့တို့သည် ကျေးရွာ၏သာရေးနာရေး ကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်ပူးပေါင်းကာ ဆောင်ရွက်နေကြပါသည်။ယခုအခါတွင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီးကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ ကိုကျေးရွာသူ/သား များ ကိုယ်တိုင်ပူးပေါင်း ပါဝင်ရွေးချယ် ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သောဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ)သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာရှိ လယ်သမားများသည် စပါးကိုသာ အဓိကစိုက်ပျိုးကြပြီး စိုက်ကော(ဖဖဒ)ကော စိုက်ပျိုးကြပါသည်။ စိုက်ခင်းအားလုံးသည် အစေ့ချစနစ်နှင့် အငင်စိုက်ပျိုးခြင်းစနစ်တို့ကိုတို့ကို ကျင့်သုံးကြပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသောချေးငွေမှာ စိုက်ပျိုးစရိတ်ကို အထောက်အကူပြုသော်လည်း ရသီချိန်အဓိမရရှိပါ။ ထို့ကြောင့် စိုက်ပျိုးရေးစရိတ်အတွက် (မြေပြင် ချိန်မှစ၍ ပေါင်းသတ်ခြင်း၊ မြေသြဇာ ကျဲပတ်ချိန်အတွင်း)အရင်းအနှီးလိုအပ်ချက်အားပြင်ပလုပ်ငန်းရှင်များနှင့် ဓာတ်မြေသြဇာအရောင်းဆိုင်များမှ အတိုးနှုန်း(၅)ကျပ်နှုန်းဖြင့် ချေးယူရပါသည်။ဥယျာဉ်ခြံ မြေများတွင် အုန်းပင်၊ကွမ်းသီးပင်၊ ငှက်ပျောပင် များကိုသာ အဓိကထား စိုက်ပျိုးကြပြီး သီးပင် စားပင်များကို အိမ်ထောင်စုအလိုက် စားလောက်ရုံသာ စိုက်ပျိုးကြပါသည်။

စိန်လေးကုန်းကျေးရွာတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးအနည်းငယ် လုပ်ကိုင်ကြပါသည်။ ထက်၊ ကြက်၊ ဘဲဆိတ်များကို မွေးမြူကြပါသည်။ရေလုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စု အနည်းငယ်ရှိပါသည်။

(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သောအဆက်မွေးစမ်းကျောင်းလုပ်ငန်းများ

စိန်လေးကုန်းကျေးရွာတွင် စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သောအခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူများလည်းရှိကြပါသည်။ စျေးဆိုင်အရောင်းအဝယ်လုပ်သား၊ ပန်းရံလုပ်သား၊ စက်ရုံလုပ်သား၊ ငါးဖမ်း သဘော်ဘလုပ်သား အစရှိသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ရွှေ့ပြောင်းလုပ်သား အနည်းငယ် လည်း ရှိပါသည်။

(ဃ)ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ပျိုးရေးကိုသာအဓိကထားလုပ်ဆောင်သောကျေးရွာဖြစ်ပါသည်။သို့သော် စိုက်ပျိုး ရေးဆိုင်ရာ ဗဟုသုတလေ့လာမှုအားနည်းမှုများကြောင့် စပါးစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တက် ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာ နိုင်သည်။တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး စနစ်အစား ဓာတုပိုးသတ်ဆေးများ ကို သာအသုံးပြုမှုများပြားလာသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ဟယ် စတစ် အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဆိပ်သင့်ပေးလုပ်ငန်းများ မြင့်တင် ဆောင်ရွက် ပေးသင့်သည်။

စိန်လေးကုန်းကျေးရွာသည် ပင်လယ်အင်အိုင်များနှင့်ထိစပ်မှုမရှိသောကျေးရွာဖြစ်သဖြင့် မုန်တိုင်း ဘေးအန္တရာယ် ကျရောက်ခဲ့လျှင် အနည်းငယ် ထိခိုက်မှုမရှိနိုင်ပါ ။ အားပျော့သော မုန်တိုင်း ဝင်ရောက်သည့် အချိန်တွင်မူ မိုးကြိုးခြင်း၊ ချောင်းရေတက်ခြင်း၊ လေတိုက်ခြင်းများဖြစ်ပေါ်လေ့ရှိသည်။ သဘာဝဘေးအန္တရာယ် ထိခိုက်မှုနည်း သည့်ကျေးရွာလည်း ဖြစ်ပါသည်။ ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့၊ မည်သည့်ဌာနမှ သင်တန်းပေးခြင်း၊ ကြိုတင် စီမံပေးခြင်းမရှိပါ။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အတွက် လက်ကိုင်ဖုန်း၊ ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။ မြို့နယ်နှင့် ဝေးကွာသည့်အတွက် ဒေသ လုံခြုံရေးအား နောက်ပြန်တိုးကျေးရွာရဲစခန်းမှ တာဆန်ယူဆောင်ရွက်ပါသည်။

(ဌ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧကာလျှင် (၁၅၀၀၀၀)ကျပ်နှုန်း ထုတ်ချေး ပေးပါသည်။သို့သော်စိုက်ပျိုးစရိတ်များ၊ သွင်းအားစုတန်ဖိုးများ မြင့်တက်လာမှုကြောင့် မလောက်ငှ သည့်အပြင် စိုက်ပျိုးစရိတ်အချိန်မီမရရှိသဖြင့် များစွာအခက်အခဲဖြစ်ရပါသည်။ အတိုးနှုန်းမှာ (၀.၄၁)ကျပ်နှုန်း ဖြစ်ပြီး လတိုးဖြစ်ပါသည်။ ထုတ်ချေးသည့်ကာလမှာ(၁)နှစ်ဖြစ်သည်။ လယ်သမားများ အနေဖြင့် လုံလောက်သော ချေးငွေ ပမာဏအား နှစ်ရှည်(အနည်းဆုံး၃နှစ်) ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပါသည်။

သမဝါယမချေးငွေကိုချေးယူခြင်းမရှိကြပါ။ဟတ်-မြန်မာဖူလတန်ငွေကြေးဝန်ဆောင်မှု အဖွဲ့များအနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိပါ။ စိုက်ပျိုးရေး အတွက် မြန်မာ့ လယ်ယာစိုက်ပျိုး ရေဘဏ်မှချေးငွေရရှိပါသည်။ စိုက်ပျိုးရေးချေးငွေရရှိရန် ပုံစံ(၇) လိုအပ်ပါသည်။ သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန်အခက်အခဲဖြစ်နေပါသည်။ချေးငွေအဖွဲ့အစည်းများဝင်ရောက်ပေးပါက ကျပန်းလုပ်ကိုင် သူများအနေဖြင့် အနည်းငယ် အဆင်ပြေကြမည်ဖြစ်ပါသည်။

(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

စိန်လေးကုန်းကျေးရွာအတွင်း၌ အခြေခံပညာအထက်တန်းကျောင်းခွဲ(၁)ကျောင်းတည်ရှိပြီး လက်ရှိ ပညာသင်ကြားနေသော ကျောင်းသား/သူဦးရေ(၂၃၄)ဦးရှိပါသည်။

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက နေရောင်ကာကျေးရွာ တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသ၍လွယ်ကူပြီးအရေးကြီးလူနာများအနေဖြင့် ကျေးရွာနှင့် (၁၉)မိုင်ခန့် ကွာဝေးသောဒေးဒဲရဲမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသရပါသည်။ ကျန်းမာရေးအတွက် အရေးပေါ်ကိစ္စ ပေါ်ပေါက်လာပါက ရေလမ်းခရီးဖြင့် မြစ်ကြောင်းဘက်ကသွားလျှင် သော်လည်းကောင်း၊ ချောင်းအတွင်း လမ်းမှသွားလျှင် သော်လည်းကောင်း ဆေးရုံသို့ သွားရောက်ရသည့်အတွက် အခက်အခဲရှိနိုင်ပါသည်။ကျေးရွာအတွင်း ရေကန်နှင့် ချောင်းရေကိုသာ အဓိကထား သုံးစွဲလျက်ရှိကြောင်း တွေ့ရှိ ရသည်။ သောက်ရေ သုံးရေအတွက် ကန်ရေနှင့် မိုးရာသီ၌ မိုးရေကို သိုလှောင်ထားပြီး ထင်းမိုးရေ ကိုသာ သောက်သုံး ကြပါသည်။သုံးရေအဖြစ် ချောင်းရေနှင့်မြစ်ရေကိုသာ အဓိကထား သုံးစွဲကြပါသည်။ ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ အိမ်တိုင်းစေ့တွေ့ရှိရပြီး ကျန်းမာရေးနှင့် ပတ်သက်သောဗဟုသုတအသိအမြင်များကြွယ်ဝကြောင်းတွေ့ရှိရပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှာ ကျေးရွာ၏သာရေး၊ နာရေး၊ ဘာသာရေးဆိုင်ရာပွဲလမ်းသဘင်များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်ကြပါသည်။ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်းအားတက် သရောပါဝင် ကြပါသည်။

(ဇ)အခြေခံအဆောက်အဦများလက်လှမ်းမီမှု-လမ်းတံတားလျှပ်စစ်စွမ်းအားသတင်းနှင့် ဆက်သွယ်ရေး

စိန်လေးကုန်းကျေးရွာတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းနှင့်ရေလမ်း နှစ်မျိုး စလုံး အားအသုံးပြုရပါသည်။ လှေ (၅၀)စီး၊ စက်လှေ(၅၈)စီး၊ စက်ဘီး(၃)စီး တို့ကို အသုံးပြု၍ သွားလာကြပါသည်။

ကျေးရွာလမ်းမှာ ကွန်ကရစ်လမ်းဖြစ်ပြီး (၁၀၀၀)ပေခန့် ရှည်လျားပါ သည်။ ကျေးရွာတွင် မီးအလင်းရောင် အတွက် ဆိုလာမီးနှင့် ဘက်ထရီမီးတို့ကို အသုံးပြုကြပါသည်။

(စျ)တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာအတွင်း အိမ်ထောင်စုများသည် မိသားစုပမာဆင်မင်ရင်းနှီးစွာ နေထိုင်တက်သော ဓလေ့ရှိ ကြသဖြင့် ပြဿနာကြီးကြီးမားမားဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်များ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။အခြားအမှု အခင်းဖြစ်ပွားခြင်းလုံးဝမရှိပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က)ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(၁)စိုက်ပျိုးရေး

စိန်လေးကုန်းကျေးရွာအနေဖြင့် စိုက်ပျိုးရေး အတွက် အခြေအနေကောင်း များမှာ သဘာဝ ရေမြေရာသီဥတုအနေအထားနှင့် လယ်ယာမြေများအား အဆင့်အတင့် အသုံးချနိုင်ခြင်း၊ သီးနှံ မျိုးစေ့များကို ထယ်ယူ၍ရနိုင်ခြင်း၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်း အားစုများ အလွယ်တကူ ထယ်ယူရရှိ နိုင်ခြင်း၊ လုပ်အား အဆင့် အတင့်ရရှိနိုင်ခြင်း၊ စိုက်ပျိုးသီးနှံ များအားရောင်းချရန် စျေးကွက်ရှိခြင်း၊ စိုက်ပျိုးရေးသုံး ကိရိယာများအား အဆင့်အတင့် ပိုင် ဆိုင်ခြင်းတို့ဖြစ်ပါသည်။

(၂)မွေးမြူရေး

စိန်လေးကုန်းကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခြေအနေကောင်း များမှာ ရေခဲမြေခဲကောင်းမွန်ခြင်း၊ မျိုးကောင်းမျိုးသန့်များ အဆင့်အတင့် ထယ်ယူ ရရှိနိုင်ခြင်း၊ မွေးမြူသော တိရစ္ဆာန်များအတွက် လိုအပ်သော သွင်းအားစုများ ကိုထယ်ယူ ရရှိနိုင်ခြင်း၊ မွေးမြူထားသောထုတ်ကုန်များရောင်းချရန်စျေးကွက် ရှိခြင်းတို့ဖြစ်ပါသည်။

(၃)ပညာရေး

စိန်လေးကုန်းကျေးရွာအနေဖြင့် ပညာရေးအတွက်အခြေအနေကောင်းများမှာကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းခွဲ(၁)ကျောင်းရှိသဖြင့် ပညာတတ် လူဦးရေများ ရှိ ကြောင်း တွေ့ရှိရပါသည်။

(၄)ကျန်းမာရေး

ကျေးရွာတွင် ကျန်းမာရေး ဆေးပေးခန်းမရှိသော်လည်း ကွန်ဒိုင်းကျေးရွာကျန်းမာရေး ဆေးပေးခန်းသို့လည်းကောင်း၊ နေရောင်ကာကျေးရွာ တိုက်နယ်ဆေးရုံ သို့သွားရောက်ကုသ၍ ရခြင်းနှင့် ဒေးအဲမြို့နယ် ပြည်သူ့ဆေးရုံကြီးနှင့် (၁၉/၀)မိုင်ခန့်သာကွာဝေးခြင်းဘို့ ဖြစ်သည်။ စိန်လေးကုန်းကျေးရွာတွင် အလုပ်လုပ် နိုင်သော လူဦးရေစုစုပေါင်းမှာ(၅၆၂)ဦးရှိပြီး ကျေးရွာ လူဦးရေ၏ (၅၂%)ရှိ ပါသည်။ ထို့အပြင် တက္ကသိုလ် ဘွဲ့ရဦးရေ အဆင့်အတင့်ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးအတွက် လူစွမ်းအား အရင်းအမြစ် များရှိနေပါသည်။ လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများ

ကလည်း အနာဘတ်ကာလ အတွက် အာဏာဖွယ် ရာဇင်ဖြစ်သည်။ စိန်လေးကုန်းကျေးရွာတွင် စပါးတစ်မျိုး တည်ဆာ စိုက်ပျိုး ထုတ်လုပ် နိုင်သည်။ ရောင်းချရိုန်တွင် သီးနှံစျေးနှုန်း မကောင်းသော ကြောင့် မိမိလုပ်အားခ ပြန်ရရုံ ထုတ်လုပ်မှု အဆင့်သာရှိသော်လည်း လယ်သမား မိသားစု များနှင့် ကျပန်းလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ စပါးရောင်းထယ် ဖောက်ကားမှု၊ ထုတ်လုပ်မှု လုပ်ငန်း အဆင့်ဆင့်များတွင် ကျေးရွာသူ/သား များအတွက် ဝင်ငွေနှင့်စားနပ်ရိက္ခာကို အတန်အသင့် ဖူလုံစေသည် ဟုဆိုရမည်ဖြစ်ပါသည်။

စီပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် (၆၇)မိုင်ခန့်သာ ကွာဝေးသည် ဖြစ်၍ ကျေးရွာရှိသီးနှံစိုက်ပျိုး ထုတ်လုပ်သူများအနေဖြင့် စျေးကွက်သို့ တင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်းများရှိနေပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများ နှင့်မွေးမြူရေးလုပ်ငန်းများဖြင့် အိမ်ထောင်စု အများစုမှာ အဆက်မပြတ်မွေးမူပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ထုတ်ယူနိုင်ခြင်း၊ မိမိတို့အဆက်မပြတ်မွေးမံကျင်းလုပ်ငန်းများအတွက် သင့်တော်သောရင်းနှီးငွေ ပမာဏအားရရှိနိုင်ပါသည်။

စိန်လေးကုန်းကျေးရွာရှိ မိဘ/ဆရာအသင်းသည် စုစည်းဘက်ကြွစွာဖြင့် လိုအပ်ချက် များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့် ပညာရေးအတွက် ကောင်းမွန်သောအလားအလာများဖြစ်ပါသည်။ ၎င်းအပြင် မိမိတို့ကျေးရွာတွင် စာသင်ကျောင်းဘည်ရှိသဖြင့် နေ့ချင်းပြန် ကျောင်းဘက်နိုင် သည် ဖြစ်ရာ ကုန်ကျစရိတ် နည်းပါး စွာဖြင့် ပညာတက်လူငယ် လူရွယ်များထွက်ပေါ်လာနိုင် မည်ဖြစ်ပါသည်။

ကျေးရွာတွင်ကျန်းမာရေး ဆေးပေးခန်းမရှိသော်လည်း ဒေးဒဲမြို့နယ် ပြည်သူ့ ဆေးရုံနှင့် (၁၉)မိုင်ခန့်သာ ကွာဝေးသောကြောင့် ကျန်းမာရေး စောင့်ရှောက်မှုများ အား ရယူနိုင်သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေးနာရေး၊ ဘာသာရေးတို့တွင် တက်ကြွစွာ ပါဝင်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာ ပါဝင်ကြပါသည်။ ဘာသာရေး ခေါင်းဆောင်များနှင့် လူကြီးသူမများ၏ဆုံးမမှုများကြောင့် မူခင်းများဖြစ်ပွားမှု မရှိခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

စိန်လေးကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှ လွဲ၍အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် လုပ်ဆောင်ချက်များတွင် အဆင့်တင့် ရှိပါသည်။

(၁) စိုက်ပျိုးရေး

စိန်လေးကုန်းကျေးရွာတွင် လယ်ယာမြေများတွင် ရေနူတ်မြောင်းများကို စနစ်တကျ တူးဖော် ပေးခြင်းမရှိ သဖြင့် မိုးရာသီတွင် မိုးများပါက မြေနိမ့်ပိုင်ရှိ လယ်ယာမြေများ ရေနစ်မြုပ်မှုဒဏ် ခံစားရပါသည်။ထို့အပြင် ကုန်ထုတ်လမ်းမရှိသဖြင့် ကုန်စည်စီဆင်းမှုတွင် နှောင့်နှေးပြီးအကျိုးအမြတ် ရသင့်သလောက် မရနိုင်ဘဲ ဖြစ်နေပါသည်။

စပါးအထွက်တိုးနည်းပညာများကို စနစ်တကျသိရှိမှုမရှိခြင်း၊ လိုအပ်သော သွင်းအားစု များကို အချိန်မီထည့်သွင်းနိုင်မှု မရှိနိုင်ခြင်းကြောင့် အကျိုးရလဒ်ကို အထင်အရှား မမြင်ရနိုင်၍ နည်းပညာ ပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံး အကျိုးအမြတ် ဖြစ်ထွန်းလာစေရန် များစွာအချိန်ယူရခဲ့း မည်ဖြစ်ပါသည်။

(၂) မွေးမြူရေး

စိန်လေးကုန်း ကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အဆက်အဆံများမှာ လုံလောက်သော အရင်းအနှီးမရှိခြင်း၊ စားကျက်မြေရှားပါးခြင်း၊ သွင်းအားစုများ ဝယ်ယူရာတွင်စျေးနှုန်းမြင့် နေခြင်း၊ ကုန်ထုတ်လမ်းမရှိသဖြင့် အရောင်းအဝယ် စျေးနှုန်းနိမ့်ကျခြင်းနှင့် မွေးမြူထားသော ထုတ်ကုန်များကို ရောင်းချရာတွင် စျေးကောင်းမရရှိခြင်းတို့ ဖြစ်ပါသည်။

(၃) ပညာရေး

စိန်လေးကုန်းကျေးရွာတွင် အခြေခံပညာ အထက်တန်းကျောင်းဆွဲ (၁)ကျောင်းရှိ သော်လည်း ကျောင်းသား အင်အားနှင့်ဆရာ/ဆရာမအင်အားအချိုးကျလုံလောက်မှု မရှိခြင်းကြောင့် ပညာရေးတွင် အနည်းငယ်အားနည်းမှုရှိကြောင်းတွေ့ရှိရသည်။

(၄) ကျန်းမာရေး

စိန်လေးကုန်းကျေးရွာအနေဖြင့် ကျေးရွာတွင်ဆေးပေးခန်းမရှိသဖြင့် အရေးကြီး လူနာများအား အနီးစပ်ဆုံးဒေသခံဆေးရုံသို့သာ အားကိုးရသဖြင့် ထင်းဆေးရုံသို့ သွားရာလမ်းမှာ မိုးရာသီ လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲခြင်းနှင့် ကျန်မာရေးဆိုင်ရာ အထောက် အကူပြု ဆေးဝါးနှင့် စမ်းသပ်ကိရိယာများမပြည့်စုံခြင်းတို့ဖြစ်ပါသည်။

စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သေအခြားဆင်ငွေရေ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တက်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများအတွက်နီးစပ်ရာကျေးရွာများ၊ ကုန်ကြမ်းမှကုန်ချော ထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့် အချိန်တွင် လိုအပ် သလောက်ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်းစသည်တို့ကလည်းလိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။

စိန်လေးကုန်းကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ ရရှိသော်လည်း တင်းကြပ် သော ချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ချေးငွေကာလတို တောင်းခြင်းများသည် တောင်သူများ အတွက် အကျိုးအမြတ်ဖြစ်ထွန်းရန် အဟန့်အတားများဖြစ်နေဆဲဖြစ်ပါသည်။

ကျေးရွာ၏ဧလေ့မှာ လူကြီးများသာခေါင်းဆောင်တင်မြောက်ရန် စဉ်းစားလေ့ ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာ နောက်ကျန် နေကြရသည်။ လူငယ်များအနေဖြင့် အင်တာနက်မှတဆင့် သတင်း အချက်အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သောမိမိတို့၏အတွေ့အကြုံများကို ပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင် မှုစွမ်းရည်၊ ဖွံ့ဖြိုးရေး သဘောတရားများကို သဘောပေါက် နားလည်မှု အားနည်းကြသည်မှာ အနာဂတ် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားဖြစ်ပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

ကျွန်ုပ်တို့ စိန်လေးကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ရေးဆွဲကြသော အခါ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်မည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

(က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များ တွင် ကျေးရွာသူကျေးရွာသား များ ဝင်ငွေတိုးတက်ရေးတစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင်ပညာရေးကို အလေးထားပြီးကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၂၃ခုနှစ်မှ၂၀၂၈ခုနှစ်)အတွင်း အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် အောက်ပါ အတိုင်းရှိရှင်းစွာချမှတ်ထားပါသည်။

(၁) ရွာသူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် ကျေးရွာ မီးလင်းရေး ဆောင်ရွက်ပြီးလူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

(၂) ရွာသူထုသည် စိုက်ပျိုးရေးဖြင့် ထုတ်ကုန် တိုးမြှင့်ထုတ်လုပ်ခြင်းအား တိုး တက်လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၃) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေး ဝမ်းကျောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့် အလမ်းများ တိုးတက်လာစေပြီးစီးပွားရှာဖွေ နိုင်စွမ်းနှင့်ဝင်ငွေတိုးမြင့် လာစေရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများ ကို အောက်ဖော်ပြပါအကောင်အထည်ဖော်ရေး နည်းဗျူဟာများ ကျင့်သုံး ၍စနစ်တကျ ဆောင်ရွက်ခြင်း အားဖြင့်ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက် များကို ရောက်ရှိ မည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်းနှင့် ဝေးကွာသည့် အတွက် မည်သို့ ဆောင်ရွက်ရမည် ကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်တင်ပြထား ခြင်း၊ မီးလင်းရေးကော်မတီ ဖွဲ့စည်းခြင်း၊ ငွေကြေးများကို ကြိုတင်စုဆောင်းည ထားခြင်း များကို အရေးတကြီးဆောင်ရွက်ရန် လိုအပ်ပါသည်။

(၂) ကျေးရွာတွင်းလမ်းများ နှင့်ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်း များအတွက် သက်ဆိုင်ရာဦးစီးဌာနများအကူအညီပေးမည့် အဖွဲ့အစည်း များနှင့် ချိတ်ဆက်ပြီး ကျေးရွာသူထုလုပ်အားပေါင်းစပ်ကာလုပ်ဆောင် သွားပါမည်။

(၃) ကျေးရွာရှိမိရိုးဖလာစိုက်ပျိုးနည်းများကိုသာအသုံးပြုနေသောတောင်သူများ၏ဝင်ငွေ တိုးတက်လာစေရန် အတွက်အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်

အတွင်း လူကြုံကျမ်းသော သီးနှံမျိုးများကိုသာ ဦးစားပေးစိုက်ပျိုး ထုတ်လုပ်ရန်နှင့် စိုက်ပျိုးရေး နည်းပညာများ၊ ပိုးသွားရောဂါကာကွယ်ရေးနည်း လမ်းများအတွက် လိုအပ် ချက်များကိုဖြည့်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၄) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အတွက် အေအတွင်း စက်ရုံအလုပ်ရုံများတိုးတက် များပြား လာစေရန်ဖိတ် ခေါ်ရန်၊ အဆက်မပြတ်မံး ကျောင်း နည်းပညာသင်တန်း များ အတွက် ချိတ်ဆက် ဆောင်ရွက်ပေးရန်၊ စျေးကွက်ထိုးဖောက်မည့် အကျိုးတူ အုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ အေသထွက် ကုန်များစျေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေ လက် လှမ်းမီမှုရရှိရန် လိုအပ်နေပါသည်။

(၅) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ် မှချေးငွေအစီအစဉ်ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် လုံလောက်မှု မရှိသောကြောင့် ချေးငွေ ထုတ်ချေး ပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေး ခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေပါမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဆင်ပြီးသော အစိုးရဌာန ဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက် အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော် အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ ကျေးရွာ အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ် ပေးနိုင်ခဲ့ ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးဆည်မှန်ချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှု သည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့ များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ၊ ကျေးရွာ သားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေး စီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဆန်ဆောင်မှုလုပ်ငန်းများ

စိန်လေးကုန်းကျေးရွာတွင် ကျေးရွာလူထု၏လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊မွေးမြူရေး အခြားဆင်ငွေရလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေထုတ်ချေးပေးနေသော မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် အနေဖြင့် ဆောင်းသီးနှံ (ကာလတိုချေးငွေ)တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေ သောကြောင့်

အခြားသီးနှံစိုက်ပျိုးသူတောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲဖြစ် ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေထုတ်ချေးပေးနိုင်သော ငွေကြေးဆန် ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင် လိုကြသည်။ ကျေးရွာသူ/သား များ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဆန်ဆောင်မှု လုပ်ငန်းဆိုင်ရာသတ်မှတ်ချက် များကို လျော့ချပြီးဒေသလိုအပ်ချက်နှင့် အညီပြောင်းလဲသင့်ပါသည်။

(ဂ)အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့် စျေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

စိန်လေးကုန်းကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူ များ၏ စျေးကွက်ဆိုင်ရာသဘောသဘာထသိရှိမှု အားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သောထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများလိုအပ်ခြင်းပင်ဖြစ်သည်။ ဒေးဒရဲမြို့နှင့် (၁၉)မိုင်၊ ရန်ကုန်မြို့နှင့် (၆၇)မိုင်ခန့်သာ ဝေးလှသော်လည်း ရာသီ မရွေးသွားလာနိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များရှိခြင်း စသည့် အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော စျေးနှုန်းဖြင့် ရောင်းချရန် စျေးကွက်သဘောတရား များကို နားလည်အောင် ရှင်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါ လှပါသည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်း ဆိုင်ရာနည်းပညာပေးသင်တန်းများ စီစဉ်ပေး ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဖန်တီး ပေးရုံသာမက၊ ကျေးရွာများ အလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသောဝန်ဆောင်မှု လုပ်ငန်းများစသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့် တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင် ပေးနိုင်ပါက မြန်ဆန်စွာတိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာ သင်တန်းများ ဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံ သာမက ဒေသတွင်းတာစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများတိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ထင်ဒွေရရှိမှု မြင့်မားလာခြင်း၊ အခြား ဒေသများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများ အား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစု များ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့် ဒေသအတွင်းစားနပ် ရိက္ခာဖူလုံမှုတိုး တက်လာစေပြီးဒေသဖွံ့ဖြိုးရေးနှင့် ဆင်ခဲမှုလျော့နည်းစေရေးကို အထောက်အကူပြုနိုင်ပေမည်။

(ဃ)ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများ အဖြစ်သိုရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက် ရမည်ဖြစ်ပါသည်။ စီမံကိန်း

(၅)နှစ်တာဘဏာသလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် (၅)နှစ်တာဘဏာသအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေး ဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်ပါ၍ ကျေးရွာလူထုသည်စီမံချက်များကို အကောင်အထည် ဖော်မှု (၂၃)နှစ် ကျော်လာချိန် တွင် စီမံကိန်း(၅)နှစ်တာဘဏာသအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံ ဖော်ထုတ်ပြီး လုပ်ဆောင် ရန် လိုအပ်လာပါမည်။ ဆိုရွာသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့ လျှင်(၅)နှစ်တာ ဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော် လည်း စီမံကိန်း (၅)နှစ်တာအတွင်းထပ်တိုးစီမံကိန်းများရှိလာနိုင်ပါသည်။

ထိုကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှစ် ငွေကြေး စီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်း တို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စ များနှင့် အစိုးရာတက်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့(၅)နှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း သည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်း သုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာနများ၊ ဦးစီးဌာန များအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက် အကူပြုပါသည်။(Economic classification)သည်စီမံချက်များ၏အကျိုးရလဒ် ဖြစ်ထွန်းမှု များအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက်လိုအပ်ပါသည်။

(၁)ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း(Functional classification)

ဆောင်ရွက်မည့်စီမံချက်ဘတ်ဂျက်သည် (က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ- စိုက် ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့်ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂)ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း(Economic classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ကို ဖော်ပြ ခြင်း ဖြစ်ပါသည်။

- သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ငှားရမ်းခစသည်များ
- ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေထယ်ယူရှိရသောရင်းနှီးမြှုပ်နှံမှုများ
- စွမ်းဆောင်ရည် မြှင့်တင်ရေးအသုံးစရိတ် (Capacity Buliding Expenditure) ဥပမာ-ဆွေးနွေးပွဲသင်တန်းစသည့်အသုံးစရိတ်
- လူသားချင်းစာနာမှုအထောက်အပံ့ (Humaniltarian support)

(ဂ)ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများ အနက် တက်ရောက်သူကျေးရွာသူ၊ကျေးရွာသားအုပ်စု (၅)စုထဲမှ (၁၀)ဦးကဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရပါမည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့် ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက်သဘောတူသတ်မှတ်ထားသည့်စားပေးစီမံချက်များမှာ-

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့် အလမ်းနှင့်ဖော်ပြချက်	မှတ်ချက်
